
စာစဥ်-၃၁
Mile Htaung Chi
နတ်ဘုရားမျက်လုံး
( ဂုဒေလ )

အပိုင်း(၄၅၁)

ဇစ်

*

စနိုက်ပါရိုင်ဖယ် ယှဉ်ပြိုင်ပစ်ခတ်ခြင်း ပြီးသွားသည့်နောက်ပိုင်းတွင် သန်ဒါ ဟော့ပြခန်းသည် လူများ ကြိတ်ကြိတ်တိုး စည်ကားလာခဲ့လေသည်။ လက်နက်ကုန်သည်အများအပြားသည်လည်း တိုးဝှေ့ဝင်လာကြပြီး XL2500ကို ဝယ်ယူနိုင်ဖို့ ကြိုးစားလာကြလေသည်။ သို့သော်လည်း ရှလေသည် ထားရှိခဲ့သည့် သဘောတူညီမှုအတိုင်း ရောင်ချခွင့်နှင့် ပက်သက်ပြီး မဆုံးဖြတ်နိုင်ပဲ အော်ဒါလက်ခံမှုကို လင်းဟန်ကသာ အဓိက ဆောင်ရွက်ခဲ့သည်။

အစပိုင်းတွင် ရှလေသည် လင်းဟန်က နိုင်ငံတကာ အော်ဒါအမှာစာ အများအပြားကို ငြင်းဆန်လိမ့်မည်ဟု စိုးရိမ်နေခဲ့သည်။ သို့သော် မထင်မှတ်စွာပင် လင်းဟန်သည် ဒါဇင်ပေါင်း များစွာသော နိုင်ငံတကာက အမှာစာများကို လက်ခံပေးခဲ့သည်။ ထိုသို့ လက်ခံရာတွင် တရုတ်နိုင်ငံနှင့် ကောင်းမွန်သည့် ဆက်ဆံရေးရှိသော ပါကစ္စတန်၊ အီရန်၊ အာဂျင်တီးနား၊ ဗင်နီဇွဲလား၊ ဘရာဇီးနှင့် မက္ကဆီကို အစရှိသည့် နိုင်ငံများမှ အော်ဒါများကိုသာ အဓိက ထား လက်ခံခဲ့ခြင်း ဖြစ်သည်။ အော်ဒါလက်ခံဖို့က သူ့လက်မှတ် ပါမှသာ ရနိုင်သည့် အနေအထား ဖြစ်သည်။

ရှလေသည် ရရှိခဲ့သည့် အမှာစာများကို ကြည့်ရင်း ခေါင်းခဲသွားရပြန်သည်။ တွက်ချက်ကြည့်ရသလောက် လက်ရှိ သန်ဒါဟော့၏ ထုတ်လုပ်နိုင်သည့် ပမာဏနှင့် အော်ဒါပမာဏကို ချင့်တွက်ကြည့်ရာ အော်ဒါအားလုံးကို ပြီးစီးအောင် ဆောက်ရွက်နိုင်ဖို့ ငါးနှစ်မျှ အချိန် ယူရလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် ယခုလက်ရှိ ဦးဆုံး လုပ်ဆောင်ဖို့ အရေးတကြီး လိုအပ်နေသည်မှာ လုပ်ငန်းချဲ့ထွင်ခြင်း ဖြစ်လေသည်။

အထူးသဖြင့် ရှလေသည် လင်းဟန်နှင့် ပက်သက်ပြီး စိတ်ဝင်စားမှု ရှိလာခဲ့သည်။ လင်းဟန်သည် အော်ဒါလက်ခံ/မခံ ဆုံးဖြတ်ရာတွင် တရုတ်အစိုးရနှင့် အထက်လူကြီးများထံ ခွင့်ပြုချက်တောင်း စောင့်ဆိုင်းနေစရာ မလိုပဲ သူ့ ကိုယ်ပိုင်သဘောဖြင့် ခွင့်ပြု/မပြုကို ဆုံးဖြတ်နေသည်။ သူသည် ဝယ်ယူခွင့် လျှောက်ထားသည့် ကုန်သည်များနှင့် တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးပြီး လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုနေခဲ့သည်။

ထိုအချင်းအရာကို ကြည့်ခြင်းအားဖြင့် လင်းဟန်သည် တော်ရုံလူ မဟုတ်ကြောင်း သိနိုင်သည်။

သူက ဘယ်သူလဲ....

ရှလေသည် သိချင်စိတ်များ ဖြစ်ပေါ်လာပြီး ထွင်းဖောက်အမြင်ဖြင့် လင်းဟန်၏ ကိုယ်ကို စစ်ဆေးကြည့်သော်လည်း အတည်ပြုစရာ တစ်စုံတစ်ရာ ရှာမတွေ့ခဲ့ပေ။ လင်းဟန်သည် ထူးဆန်းပြီး လျှို့ဝှက်ချက် များလွန်းသည်ဟု

ရှလေ ခံစားနေရသည်။

ခုနှစ်ရက် ကြာပြီးနောက်တွင် မောစကို နိုင်ငံတကာ လက်နက်ငယ်ပြပွဲ ပြီးဆုံးခဲ့သည်။

ရှလေသည် ပေးထားသည့် ကတိအတိုင်း ထန်ယွိယန်နှင့် လျှောက်လည်ခဲ့ကြသည်။ သူတို့သည် ရင်ပြင်နီ၊ Our Ladyချက်ကျောင်း၊ ကရင်မလင်နန်းတော်နှင့် Arbat Street စသည်တို့ကို သွားရောက် လည်ပတ်ခဲ့ကြသည်။

မိန်းမတစ်ယောက်နှင့် ဈေးဝယ်ထွက် လည်ပတ်ရသည်မှာ အလွန် ခေါင်းကိုက်ချင်စရာကောင်းကြောင်း ရှလေ ကြုံတွေ့လာရသည်။ ထန်ယွိယန်သည် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နှင့် ဝယ်ခြမ်းလို့ မပြီးတော့ပဲ ရှလေ၏လက်ထဲတွင်လည်း ကူးဆွဲရသည့် အိတ်ပေါင်းစုံနှင့် ပြည့်နေခဲ့သည်။

"ဒါတွေက တရုတ်မှာလည်း ရောင်းပါတယ်ဟ၊ နင်က ဘာလို့ ဒီလောက်လိုက်ဝယ်နေရတာလဲ။ ဈေးချိုတယ်လို့တော့ အကြောင်းပြမနေနဲ့ သယ်ယူရတာနဲ့တင် ဒုက္ခတော်တော် ဖြစ်မှာ"
ထန်ယွိယန်သည် နောက်ထပ်အဝတ်အစားဆိုင်တစ်ဆိုင်ကို ဝင်ရန်ခြေလှမ်းပြင်နေသည့်အတွက် ရှလေက ထိုသို့ပြောလိုက်ခြင်း ဖြစ်သည်။

ယန်ယွိယန်သည် နှုတ်ခမ်းကိုစူလိုက်ပြီး
"နင်ပဲ ကတိပေးထားတယ်လေ၊ ငါဖြင့် လည်လို့တောင် မဝသေးဘူး။ ဘာလဲ နင်က ငြီးငြင်နေပြီလား"

ရှလေက ခြောက်ကပ်ကပ်မောလိုက်ပြီး
"မဟုတ်ပါဘူး...."

"မဟုတ်ဘူးဆိုရင်လည်း လာ ဝင်မယ်လေ... "
ထန်ယွိယန်က ရှလေကို ဆိုင်ထဲ ခေါ်သွားသည်။

ရှလေသည် လက်ထဲက အိတ်ပလုံးတွေကို ကောင်တာနား လုံခြုံသည့်နေရာတွင် ထားခဲ့ပြီး ထန်ယွိယန်နှင့် အဝတ်အစားကြည့်ဖို့ လိုက်သွားခဲ့သည်။ ထန်ယွိယန်နှင့် ဆိုင်ဝန်ထမ်းအကြားတွင် ရှလေက စကားပြန်တစ်ယောက် လုပ်ပေးရသေးသည်။

ထန်ယွိယန်သည် ဝတ်စုံတစ်စုံနှင့် Business-suit ဝတ်စုံတစ်စုံကို အမြန်ရွေးလိုက်ပြီး အဝတ်လဲခန်းထဲ ဝင်သွားခဲ့သည်။

"ရှင့်ရဲ့ကောင်မလေးကတော့ သိပ်ကံကောင်းတာပဲ"
ဆိုင်ဝန်ထမ်းက ရှလေကို စနောက်သလို ပြောဆိုလိုက်သည်။

ရှလေသည် ဘာမှပြန်မပြောပဲ ပြုံးရုံပြုံးပြလိုက်သည်။ ထန်ယွိယန်သည် သူ့ကောင်မလေး မဟုတ်ကြောင်း တကူးတက ရှင်းပြနေဖို့ မလိုဟု သူကယူဆသောကြောင့် ဖြစ်သည်။

ထို့နောက် အဝတ်လဲခန်းတံခါး ပွင့်လာပြီး ထန်ယွိယန် ခေါင်းပြူထွက်လာ

ကာ
"လေ၊ ဒီကိုလာဦး"

ရှလေ တန့်သွားသည်။
"ဘာလို့လဲ"

"ငါ့ကို ဇစ်ကူဆွဲပေးဦး"
ထန်ယွိယန်က ပြောလိုက်သည်။

ရှလေ ဆွံ့အသွားသည်။

အရောင်ဝန်ထမ်းငယ်တစ်ယောက်သည် သူမ၏ပါးစပ်ကို ကွယ်၍ မရယ်မိအောင် ထိန်းချုပ်ရင်း
"သွားလို့ ရပါတယ်၊ သူက ရှင်ကောင်မလေးပဲကို"

ရှလေ မဲ့ပြုံးပြုံးရင်း အဝတ်လဲခန်းထဲ ဝင်လာခဲ့လိုက်သည်။

အဝန်းလဲခန်းသည် မှန်တစ်ချပ်နှင့် အဝတ်တန်းတစ်ခုသာ ရှိသည့် အခန်းကျဉ်းတစ်ခု ဖြစ်သည်။ ထန်ယွိယန်သည် မှန်ဘက်ကို မျက်နှာမူနေပြီး သူမဝတ်ထားသည့်အဝတ်၏နောက်ကျောဘက် ဇစ်မှာ ဟနေသည်။

ရှလေသည် ထန်ယွိယန်၏ နောက်ကျော်ကို စိုက်ကြည့်နေသလို ထန်ယွိယန်သည်လည်း မှန်ထဲမှတစ်ဆင့် ရှလေကို ကြည့်နေခဲ့သည်။ သူတို့နှစ်ယောက်

သည် မျက်ခုံးချင်း မဆုံကြသေးသော်လည်း ဂနာမငြိမ် ဖြစ်နေကြသည်။ ထန်ယွိယန်၏ ကိုယ်မှ မွှေးပျံ့သည့်ရနံ့တစ်ခုနှင့်အတူ အခန်းတွင်း လေထုသည် မငြိမ်မသက် ဖြစ်နေသလို ခံစားနေရသည်။

"အဟမ်း.. ငါ နင့်ကို ခေါ်လိုက်တာ ဇစ်ဆွဲခိုင်းမလို့၊ အခုလို လျှောက်ကြည့်နေဖို့ မဟုတ်ဘူး"
ထန်ယွိယန်သည် မနေနိုင်တော့သည့်အဆုံး အခန်းတွင်း တိတ်ဆိတ်နေမှုကို ဖျက်စီးလိုက်သည်။ ထို့အတူ သူမ၏ မျက်နှာတစ်ခုလုံးသည်လည်း နီးမြန်းလို့နေသည်။

ထိုအခါမှ ရှလေ သတိပြန်ဝင်သွားပြီး ဇစ်ကို အမြန် ဆွဲတင်ပေးလိုက်သည်။ သို့သော် သူ အလောတကြီး လုပ်လိုက်မိ၍လော သို့မဟုတ် ဇစ်မကောင်းသည့်အတွင်ကြောင့်လောမသိ ဇစ်သည် အထက်သို့ နှစ်စင်တီမီတာသာ တက်သွားပြီးနောက် ရပ်တန့်သွားသည်။ ဆက်ဆွဲတင်လို့ မရတော့ပေ။

"နင် ...."
ထန်ယွိယန်သည် သူမ၏ ပခုံးနောက်ကို လှည့်ကြည့်လိုက်ပြီး
"နင် ဘယ်လို လုပ်နေတာလဲ"

ရှလေ ရှက်အမ်းအမ်း ဖြစ်သွားပြီးနောက် ဇစ်ကို အားထည့်ပြီး ဆွဲတင်လိုက်သည်။
ကံမကောင်းစွာပင် ဇစ်ခေါင်း ကွဲသွားခဲ့သည်။

ထန်ယွဲ့ယန်၏ မျက်လုံးများ ပြူးကျယ်ထွက်လာသည်။ ပါးစပ်ကြီးကို ဟထားသော်လည်း ဘာစကားမှ မထွက်နိုင် ဖြစ်နေသည်။

ရှလေလည်း တုန်လှုပ်သွားသည်။ ပြုတ်ထွက်လာသည့် ဇစ်ကို လက်ထဲ၌ ကိုင်ထားရင်း ကြောင်အနေခဲ့သည်။

ထို့နောက် ရှလေက
"တမင်.. တမင်လုပ်တာ မဟုတ်ပါဘူး"

တကယ်တမ်းဆိုလျှင် ဘာမှ မပြောတာမှ ကောင်းလိမ့်ဦးမည်။ သူ ထိုသို့ ပြောလိုက်ခါမှ ထန်ယွဲ့ယန်သည် အမြီးကို တက်နင်းခံလိုက်ရသည့် ကြောင်တစ်ကောင်လို ဖြစ်သွားသည်။
ရှလေသည် ထန်ယွဲ့ယန် အော်ဖို့ ဟန်ပြင်နေသည်ကို မြင်သည့်အခါ ပါးစပ်ကို ပြေးအုပ်လိုက်ပြီး
"တိုးတိုးနေ.. မအော်ပါနဲ့ဟ။ နင် အော်လိုက်ရင် လူတွေ တစ်မျိုးထင်ကုန်လိမ့်မယ်"

ထိုအချိန် ရုရှားအရောင်းဝန်ထမ်းမသည် အခန်းနား ကပ်လာပြီး
"ဘာဖြစ်လို့လဲ ဆရာ တစ်ခုခု အဆင်မပြေတာ ရှိပါသလား"

"အယ်... မရှိပါဘူး"
ရှလေက ဂယောင်ဂယောင်ဖြင့် ပြန်ဖြေလိုက်သည်။

"ဒါပေမဲ့...."

ရှရှားမက ဆက်ပြောသည်။

"အစ်မကော အဆင်ပြေရဲ့လား၊ တစ်ခုခုများ ဖြစ်လို့လား"

ရှုလေသည် ထန်ယွိယန်၏ ပါးစပ်ကို အုပ်ထားသည့် သူ့လက်ကို ပြန်လွှတ်လိုက်သည်။ လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ထန်ယွိယန်၏ ပါးစပ်မှ... "အား..."

ဒေါက် ဒေါက် ဒေါက်

ရှရှားမက တံခါးကိုခေါက်လိုက်ပြီး

"ဆရာ အခု တံခါးဖွင့်ပေးပါ"

"ဟုတ် ဖွင့်ပါမယ်"

ရှုလေ ပြောသွားသည်။

"ကျွန်တော့် ကောင်မလေးက အဝတ်ဝတ်နေတုန်း ပြီးတော့မယ်"

ရှုလေ၏ ပါးစပ်မှ 'ကျွန်တော့် ကောင်မလေး'ဆိုသည့် စကားကို ကြားရပြီးနောက် ထန်ယွိယန်၏ တင်းမာနေသည့် မျက်နှာထား လျော့ကျသွားသည်။ ထို့နောက် ဆက်အော်မယောင် ဟန်ပြင်နေသည့် ပါးစပ်လည်း ပိတ်သွားခဲ့သည်။

ထို့နောက် ၎င်းတို့ အပြင်ပြန်ထွက်လာကြသည်။

"ဆရာ ဘာဖြစ်တာလဲ"
ရှုရှားအရောင်းဝန်ထမ်းက တစ်ခုခုကို မသင်္ကာသလို မေးလိုက်သည်။

ရှုလေက အမ်းတမ်းတမ်း ဖြစ်၍ ပြန်ပြောဖို့ ဆွံ့အနေချိန် ထန်ယွိယန်က "ဘာမှ မဟုတ်ပါဘူး၊ ပိုးဟပ်တစ်ကောင် တွေ့လိုက်လို့ပါ"

သူမက အင်္ဂလိပ်လို ပြောလိုက်ခြင်း ဖြစ်သော်လည်း အရောင်းဝန်းထမ်းက နားလည်ခဲ့သည်။ ထို့နောက် အရောင်ဝန်းထမ်းသည် အဝတ်လဲခန်းအနားမှ ထွက်သွားခဲ့သည်။

ရှုလေ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ သို့သော် သူ၏စိတ်ထဲတွင် အဆင်မပြေ ဖြစ်နေဆဲပင်။

ထို့နောက် ၎င်းတို့နှစ်ယောက်သည်လည်း ကောင်တာဆီ လျှောက်လာခဲ့ကြပြီး ရှုလေက ဇစ်ပျက်သွားသည့် အဝတ်ကို ဝယ်ဖို့ ငွေပေးချေလိုက်သည်။ ပြီးနောက် ဆိုင်ထဲက ထွက်လာခဲ့ကြသည်။

***